## ဇာတဒဂ်ရ ပုဂ္ဂိုလ်ကျော်များ

## အမှတ်စဉ် (၁၅)

## ဗျာန်ဝင်စားသည့်အရာ အသာဆုံး ဗျာယီ ဇာတဒဂ်ရ အရှင်ကခ်ီရေဝတမထေရ်

လောကမှာရှိတဲ့ သတ္တဝါတွေဟာ ချမ်းသာသုခကို မလိုချင်တဲ့ သူမရှိပါဘူး။ သတ္တဝါတိုင်း အချိန်နဲ့အမျှ ကြိုးစားလုပ်ကိုင်နေကြတာတွေဟာ ဘာအတွက်လဲဆိုရင် ချမ်းသာသုခရဖို့အတွက်လို့ပဲ ဆိုရမှာပါ။ ဒီ ချမ်းသာသုခနဲ့ပတ်သက်ပြီး "သုခနှစ်ပါး၊ ဥဏှာပိုင်းခြား၊ ပွားများ အဖျတ္တ" ဆိုတဲ့ မင်းကွန်းဆရာတော်ကြီးရဲ့ အရဏဝိဘင်္ဂသုတ် လင်္ကာအရ ချမ်းသာခြင်းသုခဆိုတာ ကိုယ်တွင်းကို အခြေခံပြီး ဖြစ်ပေါ်လာတဲ့ အဖျတ္တသုခရယ်၊ ပြင်ပ ဗဟိဒ္ဓအာရုံငါးပါးကို အကြောင်းခံပြီး ဖြစ်လာရတဲ့ ဗဟိဒ္ဓသုခရယ်ဆိုပြီး နှစ်မျိုးရှိပါတယ်။ အဲဒီထဲက  အဖျတ္တသုခကို ပွားများပြီးနေမှ ကိလေသာ အပူကင်းရှင်းပြီး စိတ်အေးချမ်းစွာ နေနိုင်မယ်လို့ မြတ်စွာဘုရားက အရဏဝိဘင်္ဂသုတ်မှာ ဟောထားတဲ့အကြောင်း ဒီလင်္ကာလေးက ညွှန်းဆိုထားတာပါ။ တကယ့် ချမ်းသာအစစ်ကို ရချင်သူတွေဆိုရင် ဗဟိဒ္ဓသုခထက် အဖျတ္တသုခကို ပိုပြီး တန်ဖိုးထားတတ်ဖို့ လိုအပ်ပါတယ်။

အခု ဒီတစ်ပတ်ကြည်ညိုကြမဲ့ အရှင်ကခ်ီရေဝတမထေရ်မြတ်ကတော့ ဒီ အဆုံးအမတော်နဲ့ အညီ ကိုယ်တွင်း အဖျတ္တသုခကို အသုံးပြုပြီး စိတ်အေးချမ်းသာစွာ နေထိုင်သွားခဲ့ပါတယ်။ ကိုယ်တွင်း အဖျတ္တဗျာန်စိတ်ကို အခြေခံပြီး ဗျာန်ဝင်စားကာ ဗျာန်ချမ်းသာကို ခံစားပြီးနေလေ့ရှိပါတယ်။ အဲဒီလို ဗျာန်ဝင်စားပြီး နေတဲ့နေရာမှာ အရှင်ကခ်ီရေဝတ မထေရ်မြတ်ဟာ အသာဆုံးပါ။ နောက်ပြီး အရှင်မြတ်ရဲ့ ထူးဆန်းတဲ့ ကြည်ညိုစရာ နောက်အချက် တစ်ခုကတော့ ဝန်တိုမှုမဲ့ဆရိယစိတ်ထားကြောင့် ပြိတ္တာဘဝ ရောက်သွားတဲ့ အမျိုးသမီးပြိတ္တာမ တစ်ဦးကို ကုသိုလ်ပြုပြီး အမျှအတမ်းဝေကာ ကျွတ်လွတ်အောင် လုပ်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ ဒီတစ်ပတ်တော့ အတုယူကျင့်သုံးစရာနဲ့ သတိထားသံဝေဂပွားပြီးလိုက်နာကျင့်သုံးရမယ့် ထူးခြားချက်တွေနဲ့ ပြည့်စုံတဲ့ အရှင်ကခ်ီရေဝတမထေရ်မြတ် အကြောင်းကို ကြည်ညိုသဒ္ဓါပွားကြပါမယ်။

## ဗျာယီ ဇာတဒဂ် အဓိပ္ပါယ်

အရှင်ကခ်ီရေဝတမထေရ်က ဗျာယီဇာတဒဂ်ရ အရှင်မြတ်ပါ။ ဗျာယီ ဆိုတာ ဗျာန်ရပုဂ္ဂိုလ်, ဗျာန်သမာပတ်ဝင်စားပြီး နေတဲ့ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်။ အရှင်ကခ်ီရေဝတမထေရ်က မြတ်စွာဘုရား ဝင်စားတဲ့ဗျာန်သမာပတ်တွေထဲက သူမဝင်စားနိုင်တဲ့ ဗျာန်သမာပတ်ဆိုလို့ နဲနဲလောက်ပဲ ရှိတာပါ။ တော်တော်များများကို သူဝင်စားနိုင်ပါတယ်။ အဲဒီဗျာန်သမာပတ်တွေကို နေ့ရောညဉ့်ပါ ဗျာန်ဝင်စား

ပြီးနေတဲ့အတွက်ကြောင့် ဗျာန်ဝင်စားတဲ့ပုဂ္ဂိုလ်တွေထဲမှာ အသာဆုံး ဗျာယီ ဇေတဒဂ်ကို ရခဲ့တာ ဖြစ်ပါတယ်။

(က) အတိတ်ဘဝ ပါရမီ

အရှင်ကခ်ီရေဝတမထေရ်အလောင်းတော်ဟာ ပဒုမုတ္တရာဘုရားရှင် လက်ထက်တော်က ရှေးမထေရ်အလောင်း သူတော်ကောင်းများလိုပဲ မြတ်စွာဘုရားကျောင်းတော်သွားပြီး တရားနာကြတဲ့ လူတွေနဲ့အတူ တရားသွားနာယူစဉ်မှာပဲ ပဒုမုတ္တရာမြတ်စွာဘုရားက ဗျာန်ဝင်စားတဲ့အရာ အသာဆုံး ရဟန်းတစ်ပါးကို ဗျာယီဇေတဒဂ်အရာထား ချီးမြှောက်တာကို မြင်တွေ့လိုက်ရပါတယ်။ ဒီအခါ "ငါလဲပဲ နောင်အနာဂတ်မှာ ဒီအရှင်မြတ်လို ဖြစ်ရင်ကောင်းမယ်"လို့ အားကျစိတ်ဖြစ်ပေါ်လာတဲ့အတွက် တရားပွဲအဆုံးမှာ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးနောက် ရှေးမထေရ်လောင်းတော်များနည်းတူ ခုနစ်ရက် တိုင်တိုင် အလှူကြီးပေးလှူပြီး မြတ်စွာဘုရားကို "မြတ်စွာဘုရား...တပည့်တော်ဟာ ဒီ အဓိကာရ ကောင်းမှုကုသိုလ်ကံကြောင့် အခြားသော ပြည့်စုံမှုတွေကို မတောင့်တပါဘုရား၊ လွန်ခဲ့တဲ့ ခုနစ်ရက်က အရှင်ဘုရားတို့အနေနဲ့ ရဟန်းတော်တစ်ပါးကို ဗျာန်ဝင်စားသည့် ရဟန်းတော်တွေထဲမှာ အသာဆုံး ဗျာယီဇေတဒဂ်အရာထား ချီးမြှောက်တော်မူခဲ့တဲ့အတိုင်း တပည့်တော်လဲ အနာဂတ် တစ်ဆူသော ဘုရားရှင်ရဲ့ သာသနာတော်မှာ အဲဒီရဟန်းလို ဗျာဝင်စားသူတွေထဲမှာ အသာဆုံး ဗျာယီဇေတဒဂ် ရပုဂ္ဂိုလ် ဖြစ်ရပါလိုလို"လို့ ဆုပန်တော်မူခဲ့ပါတယ်။

ဒီအခါ ပဒုမုတ္တရာမြတ်စွာဘုရားရှင်က အနာဂတ်ကို မျှော်ကြည့်တော်မူပြီး ဆုတောင်းပြည့် မှာကို မြင်တော်မူတဲ့အတွက် "နောင်အနာဂတ် ကမ္ဘာတစ်သိန်း လွန်မြောက်ပြီးတဲ့အဆုံးမှာ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူလိမ့်မယ်၊ အဲဒီဘုရားရှင်ရဲ့ သာသနာတော်မှာ သင်ဟာ ဗျာန်ဝင်စားသူတွေ ထဲမှာ အသာဆုံး ဗျာယီဇေတဒဂ်ရသူ ဖြစ်လိမ့်မယ်"လို့ ဗျာဒိတ်စကား မိန့်ကြားကာ ကျောင်းတော်ကို ပြန်ကြွသွားတော်မူခဲ့ပါတယ်။

(ခ) ပစ္စုပ္ပန်ဘဝဖြစ်ပုံနှင့် ရဟန္တာဖြစ်ပုံ

ကခ်ီရေဝတမထေရ်လောင်း အမျိုးကောင်းသားဟာ အသက်ထက်ဆုံး ကောင်းမှုကုသိုလ်တွေ ပြုလုပ်ခဲ့ပြီး နတ်ပြည် လူ့ပြည်တွေမှာ ကျင်လည်ခဲ့ကာ အကျွန်ုပ်တို့ ဂေါတမဘုရားရှင်လက်ထက် တော်မှာတော့ သာဝတ္ထိပြည်က ပစ္စည်းဥစ္စာ အလွန်ကြွယ်ဝတဲ့ အမျိုးမှာ ဖြစ်ခဲ့ပါတယ်။ ဒီသူဌေးသား အရွယ်ရောက်လာတဲ့အခါ တခြား မြို့သူမြို့သားတွေနဲ့အတူ ဇေတဝန်ကျောင်းတော်သွားပြီး မြတ်စွာ ဘုရားတရားတော်ကို နာကြားရတဲ့အတွက် သဒ္ဓါတရား ဖြစ်ပေါ်လာပြီး မြတ်စွာဘုရားအထံမှာ ရှင်

ရဟန်းပြုခဲ့ပါတယ်။ ရဟန်းဖြစ်ပြီးတဲ့နောက် ကမ္မဋ္ဌာန်းတရား အားထုတ်နည်း သင်ယူပြီး ဗျာန်ရဲ့ အခြေခံ ပရိကံဖြစ်တဲ့ ကသိဏ်းစတဲ့ သမထဘာဝနာတွေကို ပွားများထုတ်တဲ့အတွက် ဗျာန်ရဟုဂ္ဂိုလ် ဖြစ်ခဲ့ပြီးနောက် မိမိရထားတဲ့ ဗျာန်ကိုပဲ အခြေပါဒပြုကာ ဝိပဿနာကမ္မဋ္ဌာန်း ဆက်လက်စီးဖြန်း ပွားများအားထုတ်တဲ့အတွက် အရဟတ္တဖိုလ်ရရှိကာ ရဟန္တာဖြစ်တော်မူခဲ့ပါတယ်။

အရှင်ကခ်ီရေဝတမထေရ်ဟာ မြတ်စွာဘုရားရှင် ဝင်စားတော်မူတဲ့ သမာပတ်တွေထဲက အချို့သမာပတ် အနည်းငယ်လောက်ကိုသာ မဝင်စားနိုင်ဘဲ အတော်များများ သမာပတ်တွေကို ဘုရားရှင်နည်းတူ ဝင်စားနိုင်ပါတယ်။ အဲဒီလို ဝင်စားနိုင်တဲ့ ဗျာန်သမာပတ်တွေကို နေ့ရောညပါ အမြဲ မပြတ် ဝင်စားပြီး နေတဲ့အတွက် နောက်ပိုင်းကာလတစ်ချိန်မှာ မြတ်စွာဘုရားရှင်ဟာ အရှင်ကခ်ီ ရေဝတမထေရ်ကို ဗျာန်ဝင်စားတဲ့ ရဟန်းတော်တွေထဲမှာ အသာဆုံးပုဂ္ဂိုလ်အနေနဲ့ ဗျာယီတေဒဂ် အရာထားကာ ချီးမြှောက်တော်မူခဲ့ပါတယ်။

"ကခ်ီရေဝတ" လို့ အမည်နာမ ဖြစ်ပေါ်လာပုံ

တစ်ခါမှာတော့ မြတ်စွာဘုရားရှင်ဟာ သာဝတ္ထိပြည်ကနေ ရာဇဂြိုဟ်ကို ဒေသစာရီ ခရီးကြွချီ တော်မူခဲ့အခါ အရှင်ကခ်ီရေဝတမထေရ်ဟာ လမ်းခရီးအကြား တစ်နေရာမှာ ထန်းလျက်(တင်လဲ) ချက်လုပ်နေကြတဲ့ တဲကုတ်တစ်ခုကို ဝင်လိုက်ပါတယ်။ ဒီအခါ မုန့်ညက်နဲ့ ဖွဲတွေ ထည့်ကာ ထန်းလျက်(တင်လဲ) လုပ်နေတာကို မြင်တွေ့လိုက်ရတော့ ထန်းလျက်(တင်လဲ)ထဲမှာ မုန့်ညက် တွေ ဖွဲတွေ ပါနေတဲ့အတွက်ကြောင့် ဒီ ထန်းလျက်(တင်လဲ)ကို နေမွန်းလွဲပြီးတဲ့နောက်ပိုင်းမှာ သုံးဆောင် ဖို့ဆိုတာ မအပ်စပ်ဘူး လို့ ဝိနည်းသိက္ခာပုဒ်နဲ့ပတ်သက်တဲ့ ယုံမှားတွေးတောမှု သံသယ ကုက္ကုစ္စ ရှိတဲ့အတွက် သူ့တပည့်ရဟန်းတွေနဲ့အတူ သူဟာ ထန်းလျက်(တင်လဲ)ကို နေမွန်းလွဲပြီးရင် မသုံး ဆောင်တော့ပါဘူး။ ဒီမထေရ်ရဲ့စကားကို ယုံကြည်ပြီး လိုက်နာကြတဲ့ အခြားရဟန်းတွေလဲ ထန်းလျက်ကို မသုံးဆောင်ကြတော့ပါဘူး။ ဒီလို ထန်းလျက်မသုံးဆောင်တာကို အခြားရဟန်းတွေက မြတ်စွာဘုရားရှင်ကို လျှောက်ထားတဲ့အတွက် မြတ်စွာဘုရားရှင်က ရဟန်းတွေကို " ရဟန်းတို့.... ဘာလို့ ထန်းလျက်(တင်လဲ)ချက်တဲ့အခါ လူတွေဟာ မုန့်ညက်တွေ ဖွဲတွေ ထည့်ကြတာလဲ" လို့ မေးတော်မူပါတယ်။ ဒီအခါ ရဟန်းတော်တွေက "မာကျောစေဖို့အတွက် ထည့်တာပါဘုရား" လို့ ပြန် ဖြေကြလို့ မြတ်စွာဘုရားရှင်က "ရဟန်းတို့... မာကျောစေဖို့အတွက် ထန်းလျက်(တင်လဲ)ထဲ မုန့်ညက် နဲ့ ဖွဲ ထည့်ကြတာဆိုရင် ဒီ မုန့်ညက်နဲ့ ဖွဲဟာ စားဖွယ်အာမိသအရာ မတည်တော့ဘူး၊ ထန်းလျက် (တင်လဲ)အရာမှာပဲ တည်ရှိပါတော့တယ်။ ရဟန်းတို့... ဒါ့ကြောင့် အလိုရှိခဲ့ပါမူ ထန်းလျက် (တင်လဲ) ကို နေမွန်လွဲပြီးနောက်ပိုင်းမှာလဲ သုံးဆောင်ဖို့ရန် ခွင့်ပြုပါတယ်" လို့ မိန့်တော်မူခဲ့ပါတယ်။

နောက်ဖြစ်ရပ်တစ်ခုက အရှင်မြတ်ဟာ လမ်းခရီးသွားရင်း ကျင်ကြီးမှာ အပင်ပေါက်နေတဲ့ ပဲနောက်ပင်ကို မြင်ခဲ့ပြီး "ဩော်...ပဲနောက်ဟာ ကျက်ပြီးတာတောင်မှ အပင် ပြန်ပေါက်နိုင်တယ်၊ ဒါဆိုရင် ပဲနောက်ဟာ ရဟန်းတော်များအတွက် စားဖို့ရန် မအပ်စပ်ဘူး၊ (စားရင် ဗီဇဂါမ်လို့ခေါ်တဲ့ မျိုးစေ့ကို ဖျက်ဆီးရာရောက်တဲ့အတွက် အာပတ်သင့်နိုင်တယ်)" လို့ မိန့်တော်မူပြီး ဒီလို ဝိနည်းအရာ သံသယကုက္ကုစ္စရှိတဲ့အတွက် သူ့ရဲ့တပည်ပရိသတ်တွေနဲ့တကွ သူဟာ ပဲနောက်ကို မဘုဉ်းပေး မသုံးဆောင်ကြပါဘူး။ ဒီအကြောင်းကို ရဟန်းတော်တွေက မြတ်စွာဘုရားကို လျှောက်ထားတဲ့အခါ ဘုရားရှင်က "ရဟန်းတို့...ကျက်ပြီးတဲ့ ပဲနောက်တွေဟာ အပင်ပြန်ပေါက်ပေမဲ့ ရဟန်းတော်များ ဘုဉ်းပေးသုံးဆောင်နိုင်ပါတယ်" လို့ ခွင့်ပြုစကား မိန့်ကြားခဲ့ပါတယ်။

အခုလို အရှင်ရေဝတမထေရ်ဟာ ဝိနည်းအရာ အပ်စပ်တဲ့ ပစ္စည်းဝတ္ထုတွေအပေါ်မှာတောင် မအပ်စပ်ဘူးလို့ တွေးတောယုံမှားမှု ဝိနယကုက္ကုစ္စလို့ခေါ်တဲ့ ကခ်ီအားကြီးတဲ့အတွက်ကြောင့် သူ့ရဲ့ ဘွဲ့အမည်ရှေ့မှာ ကခ်ီ ဆိုတဲ့ စကားလုံးတစ်လုံးတိုးပြီး ကခ်ီရေဝတမထေရ်လို့ အမည်တွင်ခဲ့တာ ဖြစ်ပါတယ်။ တွေးတောယုံမှားမှု အားကြီးတဲ့ ရေဝတမထေရ် လို့ ဆိုလိုတာ ဖြစ်ပါတယ်။

(ဂ) အရှင်ကခ်ီရေဝတမထေရ်နှင့် ဆက်စပ်သည့်တရားတော်အပိုင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးလို့ ပထမသင်္ဂါယနာ တင်ပြီးတဲ့အချိန်မှာ အရှင်မဟာကစ္စည်း မထေရ်ဟာ အဖော်ရဟန်း တဆယ့်နှစ်ပါးနဲ့အတူ ကောသမ္ဗီနဲ့မနီးမဝေးမှာရှိတဲ့ တောအုပ်တစ်ခုထဲမှာ သီတင်းသုံးနေပါတယ်။ အဲဒီအချိန်မှာ ကောသမ္ဗီပြည် ဥဒေနမင်းရဲ့ မြို့ပြဆိုင်ရာ အမတ်ကြီးဖြစ်တဲ့ မြို့တော်ဝန် ကွယ်လွန်သွားလို့ သူ့သား ဥတ္တရလုလင်ကို မြို့တော်ဝန်အဖြစ် ဆက်လက်ခန့်ထားခဲ့ ပါတယ်။ ဥတ္တရလုလင်က မြို့တော်ဝန်ရာထူး လက်ခံပြီးတာနဲ့ မြို့တော်မှာ ဟောင်းနွမ်းနေတဲ့ အဆောက်အဦးတွေ ပြင်ဆင်တည်ဆောက်တဲ့နေရာမှာ လိုအပ်တဲ့သစ်တွေ ရဖို့အတွက် လက်သမား ဆရာတွေကို ခေါ်ပြီး တောထဲ ထွက်လာခဲ့ပါတယ်။ တောထဲရောက်တဲ့အခါ သစ်ကောင်းနိုးရာ လိုက်ရှာရင်းက အရှင်မဟာကစ္စည်းမထေရ် သီတင်းသုံးနေတဲ့နေရာ ရောက်သွားပြီး ပံသုကူသင်္ကန်း ဝတ်ဆင်ထားပုံနဲ့ တိတ်ဆိတ်စွာ တရားနှလုံးသွင်းကာ ထိုင်နေပုံကို မြင်တွေ့လိုက်ရတဲ့အတွက် အရှင်မြတ်အပေါ် ကြည်ညိုစိတ်ဖြစ်ကာ ရှိခိုးဦးချကန်တော့ပြီး သင့်တော်တဲ့နေရာမှာ ထိုင်နေခဲ့ပါ တယ်။ ဒီအခါ အရှင်မြတ်ကြီးက မြို့တော်ဝန် ဥတ္တရကို တရားဟောတဲ့အတွက် မြို့တော်ဝန်ဟာ အရှင်မြတ်ရဲ့တရားကို နာကြားပြီးတာနဲ့ ရတနာသုံးပါးအပေါ် သက်ဝင်ကြည်ညိုကာ သရဏဂုံ တည်ခဲ့ ပါတယ်။ နောက်ပြီး နောက်တစ်နေ့ သူ့အိမ်ကို ဆွမ်းစားကြွဖို့ရန်လဲ ပင့်ဖိတ်လျှောက်ထားခဲ့ပါတယ်။ အရှင်မဟာကစ္စည်း မထေရ်မြတ်က တိတ်ဆိတ်စွာနေခြင်းဖြင့် မြို့တော်ဝန်ဥတ္တရ ဆွမ်းစားပင့်တာကို

လက်ခံလိုက်တဲ့အခါ မြို့တော်ဝန်ဟာ တောကနေ ပြန်လာခဲ့ပြီး မြို့ရောက်တဲ့အခါ တစ်ခြားမိတ်ဆွေတွေကိုလဲ "အရှင် မဟာကစ္စည်းမထေရ်ကို မနက်ဖန် ဆွမ်းစားကြွဖို့ရန်အတွက် ပင့်ဖိတ်ထားတယ်၊ သင်တို့လဲ ငါ့အလှူ အိမ်ကို လာခဲ့ကြပါ"လို့ ဖိတ်ကြားလိုက်ပါတယ်။

မြို့တော်ဝန်ဥတ္တရဟာ နောက်တစ်နေ့မှာတော့ မနက်အစောကထဲက မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေ စီမံပြီး သံယာတော်တွေဆီ ဆွမ်းစားကြွဖို့ အချိန်တန်ပြီဆိုတဲ့အကြောင်း ပင့်လျှောက်ထားတဲ့အခါ နောက်ပါရဟန်းတော်တွေနဲ့အတူ ကြွလာတဲ့ အရှင်မဟာကစ္စည်းမထေရ်မြတ်ကို ခရီးဦးကြိုဆို ရှိခိုးကန်တော့ပြီး အိမ်ထဲပင့်ဆောင်ခဲ့ပါတယ်။ မြို့တော်ဝန်ဟာ တခမ်းတနား စီမံခင်းကျင်းထားတဲ့ ကောင်းမြတ်တဲ့ မွေ့ရာအခင်းတွေပေါ်မှာ အရှင်မြတ်တွေကို သီတင်းသုံး ထိုင်စေပြီး ပန်းရနံ့ထုံမွှမ်းထားတဲ့ ဆီမီးတိုင်တွေ ထွန်းညှိပူဇော်ကာ မွန်မွန်မြတ်မြတ် စီမံထားတဲ့ ဆွမ်း ခဲဖွယ်တွေနဲ့ ဆက်ကပ် လှူဒါန်းပူဇော်ခဲ့ပါတယ်။ ဆွမ်းဆက်ကပ်ပြီးတဲ့နောက် ဆွမ်းအနမောဒနာ တရားနာယူပြီး အရှင်မဟာကစ္စည်းမထေရ်ရဲ့ သပိတ်ကို ယူဆောင်ကာ အရှင်မြတ်တွေ ပြန်ကြွ သွားတာကို မြို့ပြင်ရောက်တဲ့အထိ လိုက်ပို့ပါတယ်။ မြို့ပြင်ရောက်လို့ အရှင်မြတ်တွေ ကျောင်းပြန်ကြွတော့မဲ့အခါ မြို့တော်ဝန်က "အရှင်ဘုရားတို့...အရှင်တို့ဟာ တပည့်တော်ရဲ့ အိမ်ကို အမြဲတမ်း ကြွရောက် ဆွမ်းအလှူခံပါဘုရား" လို့ ပင့်လျှောက်ခဲ့ပါတယ်။ ဒီအခါ အရှင်မဟာကစ္စည်းမထေရ်က လက်ခံတော်မူပြီး ကျောင်းကို ပြန်ကြသွားခဲ့ပါတယ်။

ယခုလို မြို့တော်ဝန်ဥတ္တရဟာ အရှင်မဟာကစ္စည်းမထေရ်မြတ်ကို အမြဲတမ်း ဆွမ်းလောင်းလှူပူဇော်ပြီး၊ အရှင်မြတ်ရဲ့ ဆုံးမသြဝါဒတော်အတိုင်း လိုက်နာကျင့်သုံး ကျင့်ကြံအားထုတ်တဲ့အတွက် သောတာပတ္တိမဂ်၊ ဖိုလ်ရရှိကာ သောတာပန်တည်ခဲ့ပါတယ်။ အရှင်မြတ်တွေ သီတင်းသုံးဖို့ရန်အတွက်လဲ ကျောင်းဆောက်လုပ် လှူဒါန်းခဲ့ပါတယ်။ သူ့ရဲ့ ဆွေမျိုးတွေကိုလဲ သာသနာတော်မှာ သက်ဝင်ကြည်ညိုအောင် ဦးဆောင်လမ်းပြပေးခဲ့ပါတယ်။

ဒါပေမဲ့ မြို့တော်ဝန်ဥတ္တရရဲ့ အမေကတော့ ဝန်တိုမှုမ္ဆစ္ဆရိယအညစ်အကြေး လွှမ်းမိုးတဲ့စိတ်အားကြီးနေတဲ့အတွက် ဥတ္တရ လှူဒါန်းတာတွေကို မကြိုက်နေပါဘူး။ မကြိုက်ရုံတင်မက "ငါ့အလိုဆန္ဒမပါဘဲနဲ့ ရဟန်းတွေကို သင်လှူဒါန်းနေတဲ့ စားဖွယ်သောက်ဖွယ်တွေဟာ နောက်ဘဝမှာ သင့်အတွက် သွေးတွေ ဖြစ်ပါစေ" လို့တောင် ကြိမ်ဆဲခဲ့ပါတယ်။ ဒါပေမဲ့ သူ့အမေက ကျောင်းရေစက်ချပွဲနေ့မှာတော့ ဥဒေါင်အမြီးတွေနဲ့ လုပ်ထားတဲ့ ဒေါင်းမြီးအလှပန်းစည်းကို လှူဖို့ရာ အတွက်တော့ ခွင့်ပြုခဲ့ပါတယ်။ ဥတ္တရအမတ်ရဲ့ အမေဟာ ကွယ်လွန်သွားတဲ့အခါ ပြိတ္တာဘဝ ရောက်သွားပါတယ်။ ဥဒေါင်းမြီး အလှပန်းစည်း လှူဒါန်းခဲ့တဲ့ ကောင်းမှုကြောင့်တော့ သူ့မှာ ညိုမှောင်ပြီး သိမ်မွေ့နူးညံ့တဲ့

ဆံပင်အလှပိုင်ရှင်ဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ဆံပင်က အဖျားလေးတွေ ကော့နေပြီး အလွန်ရှည်တဲ့ဆံပင်ပါ။ ဒီပြိတ္တာမဟာ ရေဆာလို့ ရေသောက်ချင်တာနဲ့ ဂင်္ဂါမြစ်ထဲ ဆင်းလိုက်တာနဲ့ ဂင်္ဂါမြစ်ရေတွေဟာ သောက်လို့မရတဲ့ သွေးတွေ ဖြစ်ကုန်ပါတယ်။ အဲဒီလိုနဲ့ အစာရေစာ ငတ်တပ်ပြတ်ပြတ်ဖြစ်ပြီး အနေဆင်းရဲ အစားဆင်းရဲခဲ့တာ ငါးဆယ့်ငါးနှစ်တောင် ကြာလာခဲ့ပါ တယ်။

အဲဒီလိုနဲ့ ဒီပြိတ္တာမဟာ အစာရေစာ လိုက်ရှာရင်းက တစ်နေ့မှာတော့ ဂင်္ဂါမြစ်ကမ်းနားမှာ တရားထိုင်နေတဲ့ အရှင်ကခ်ီရေဝတမထေရ်ကို ဖူးတွေ့လိုက်ရပါတယ်။ အဲဒီအခါ သူမဟာ သူ့ရဲ့ မျက်နှာနဲ့ ခန္ဓာကိုယ်ကို ဆံပင်ရှည်တွေနဲ့ ဖုံးကွယ်ထားပြီး မျက်နှာမပြဘဲ အရှင်ကခ်ီရေဝတမထေရ် ဆီမှာ "အရှင်ဘုရား.... တပည့်တော်မဟာ ငါးဆယ့်ငါးနှစ်ပတ်လုံး စားစရာဆိုတာလဲ မသိခဲ့ရပါ။ သောက်ရေဆိုတာလဲ တစ်ပေါက်လေးတောင်မှ မသောက်ခဲ့ရပါ။ ဒါ့ကြောင့် သောက်ရေလေး တိုက်ကျွေးပါဘုရား"လို့ သောက်ရေပေးဖို့ တောင်းခဲ့ပါတယ်။ ဒီအခါ အရှင်မြတ်က "ဟိမဝန္တာကနေ စီးဆင်းလာတဲ့ ဒီဂင်္ဂါမြစ်ကြီးဟာ ရေကြည်ရေအေးတွေ တသွင်သွင် စီးဆင်းနေတာပဲ၊ သင်သောက် ချင်တယ်ဆိုရင် အဲဒီ ဂင်္ဂါမြစ်ရေ ခပ်သောက်လို့ ရသားပဲ၊ ဘယ့်နယ်ကြောင့် ငုံ့ဆီလာပြီး သောက်ရေ တောင်းနေရတာလဲ" လို့ မေးခဲ့ပါတယ်။

ဒီလိုမေးတော့ ပြိတ္တာမက "အရှင်ဘုရား...တပည့်တော် ဂင်္ဂါမြစ်ရေကို သောက်ဖို့ ခပ်လိုက် တာနဲ့ ရေတွေဟာ သွေးအဖြစ် ပြောင်းသွားပါတယ်ဘုရား၊ ဒါ့ကြောင့် တပည့်တော်မဟာ အရှင်ဘုရားထံ သောက်ရေတောင်းရခြင်း ဖြစ်ပါတယ်ဘုရား"လို့ ဖြေဆိုခဲ့ပါတယ်။ ဒီအခါ အရှင် ကခ်ီ ရေဝတမထေရ်မြတ်က "သင်က ကိုယ်၊ နှုတ်၊ စိတ်ဆိုတဲ့ ကံသုံးပါးနဲ့ ဘာ မကောင်းတာတွေ လုပ်ခဲ့ လို့လဲ၊ ဘယ်လိုလုပ်ခဲ့တဲ့ ကံရဲ့ အကျိုးကြောင့် ဂင်္ဂါမြစ်ရေတွေက သွေးအဖြစ် ပြောင်းလဲသွားရတာလဲ" လို့ မေးပြန်ပါတယ်။ ဒီလိုမေးတဲ့အခါ ပြိတ္တာမက "အရှင်ဘုရား... တပည့်မမှာ ဥတ္တရဆိုတဲ့ သား တစ်ယောက်ရှိခဲ့ပါတယ်ဘုရား၊ သူဟာ ရတနာသုံးပါး အပေါ် သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရား ရှိခဲ့ပြီး ရတနာသုံးပါးကိုလဲ ဆည်းကပ်သူတစ်ယောက်ပါဘုရား၊ သူဟာ တပည့်တော်မ အလိုမတူပါဘဲနဲ့ ရဟန်းတွေကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းခဲ့ပါတယ်ဘုရား၊ ဒီအခါ တပည့်တော်က နင် လှူသမျှပစ္စည်းတွေဟာ နင့်အတွက် နောက်ဘဝမှာ သွေးတွေဖြစ်ပါစေလို့ ကြိမ် ဆဲခဲ့ပါတယ်ဘုရား၊ ဝန်တိုတဲ့ မ္ဆွရိယစိတ်တွေလဲ တပည့်တော်အပေါ် လွှမ်းမိုးခဲ့ပါတယ်ဘုရား၊ ဒီလို ကြိမ်ဆဲတဲ့ အကုသိုလ်ကံရဲ့အကျိုးကြောင့် တပည့်တော်မ ရေသောက်ဖို့ ခပ်လိုက်တိုင်း ဂင်္ဂါမြစ်ရေ တွေဟာ သွေးအဖြစ် ပြောင်းလဲသွားတာ ဖြစ်ပါတယ်ဘုရား" လို့ ပြန်လည် ရှင်းလင်းလျှောက်ထား ဖြေဆိုခဲ့ပါတယ်။

## အရှင်ကခ်ီရေဝတ ပြိတ္တာမအတွက် ကူညီတဲ့အနေနဲ့ ကုသိုလ်ပြု အမျှဝေပုံ

အဲဒီနောက်မှာတော့ အရှင်ကခ်ီရေဝတမထေရ်မြတ်ဟာ အဲဒီပြိတ္တာမကြီးကို ရည်စူးပြီး ရဟန်းသံဃာတော်တွေကို သောက်ရေတွေ လှူဒါန်းခဲ့ပါတယ်၊ ဆွမ်းခံ လှည့်လည်ပြီး ဆွမ်းတွေကို သံဃာတော်တွေအား လှူဒါန်းခဲ့ပါတယ်၊ နောက်ပြီး အမှိုက်ပုံတွေ လမ်းဆုံလမ်းမတွေကနေ လူတွေ မလိုချင်လို့ စွန့်ပစ်ထားတဲ့ မြေမှုန့်တွေကပ်နေတဲ့ အဝတ်စလေးတွေထဲက ကောင်းနိုးရာရာ ကောက်ပြီး လျှော်ဖွတ်၊ ပံသုကူသက်နံ့အဖြစ် ချုပ်စပ်ကာ ရဟန်းတော်တွေအား သက်နံ့အဖြစ် လှူဒါန်းခဲ့ပါတယ်။ အရှင်မြတ်ဟာ အဲဒီကုသိုလ်တွေရဲ့ အဖို့ဘာဂကို ပြိတ္တာမအား အမျှပေးဝေခဲ့ပါတယ်။ ဒီကောင်းမှုကြောင့် အဲဒီပြိတ္တာမဟာ နတ်အစားစာ၊ နတ်အဝတ်အစား၊ နတ်အသုံးအဆောင်စတဲ့ နတ်စည်းစိမ်တွေ ကို ရရှိခံစားခဲ့ရပြီး၊ သူရရှိခဲ့တဲ့ နတ်စည်းစိမ်တွေကို အရှင်ကခ်ီရေဝတမထေရ်မြတ်ထံ လာပြီး ထင်ရှား ပြခဲ့ပါတယ်။

အရှင်ကခ်ီရေဝတမထေရ်မြတ်လဲ ဒီအဖြစ်အပျက် အကြောင်းအရာကို သူ့ထံ ရောက်လာတဲ့ ပရိသတ်လေးပါးကို ပြန်လည်ပြောပြကာ တရားစကား ဟောကြားတော်မူခဲ့ပါတယ်။ ဒါ့ကြောင့် များစွာ သောလူအပေါင်းဟာ သံဝေဂတွေဖြစ်ကြပြီး ဝန်တိုမှု မ္ဆစ္ဆရိယအညစ်အကြေးကို ဖယ်ရှားကာ ဒါန၊ သီလစတဲ့ ကုသိုလ်ကောင်းမှုတွေကို ပျော်ပျော်ကြီး ပြုလုပ်ကြိုးစား အားထုတ်ခဲ့ကြတယ်။ ဒီအကြောင်းအရာဝတ္ထုကို ဒုတိယသင်္ဂါယနာတင်တဲ့အခါ မှတ်တမ်းတင်ခဲ့တဲ့အကြောင်း ပေတဝတ္ထု အဋ္ဌကထာမှာ ဖော်ပြထားပါတယ်။

## နိဂုံး

နိဂုံးချုပ်အနေနဲ့ကတော့ ချမ်းသာဆိုတာ ကိုယ်တွင်းမှာပဲ ရှိတယ်ဆိုတာ သိရှိပြီး ကိုယ်တွင်းအဖျတ္တချမ်းသာ ခံစားနိုင်အောင် သီလ၊ သမာဓိ၊ ပညာတရားများ ကျင့်သုံးနိုင်ကြပါစေ။ ဝန်တိုမှု မ္ဆစ္ဆရိယအညစ်အကြေးရဲ့ ကောင်းကျိုးမပေး ဆိုးကျိုးသာပေးတတ်ပုံကို သံဝေဂပွား အသိထားပြီး မ္ဆစ္ဆရိယအညစ်အကြေးကို ပယ်သတ်နိုင်ကြလျက် လွတ်လပ်ပျော်ပါးတဲ့ အေးချမ်းတဲ့စိတ်နဲ့ နေနိုင်ကြပါစေလို့ အာသီသပြု ဆုတောင်းရင် ဒီတစ်ပတ်သင်တန်းကို နိဂုံးချုပ်လိုက်ပါတယ်။

ကျမ်းကိုး--

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ ပထမတွဲ၊

၂။ ပေတဝတ္ထု ပါဠိတော်၊ ၎င်းအဋ္ဌကထာ။

၃။ အပဒါန်ပါဠိတော်၊ ၎င်းအဋ္ဌကထာ။

၄။ ထေရဂါထာပါဠိ၊ ၎င်းအဋ္ဌကထာ။

၅။ ဥဒါန်းပါဠိတော်။

၆။ ဝိနည်း မဟာဝါပါဠိတော်။

၇။ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ၊ ပထမပိုင်း။

အရှင်နေမိန္ဒာဘိဝံသ

ခေတ္တ - မေတ္တာနန္ဒဝိဟာရမဟာရိပ်သာ

35691, Palomares Road, Castro Valley, C.A 94552, U.S.A,

ဘဒ္ဒဝေ-ပြည့်နှစ်၊ ပထမဝါဆိုလဆန်း(၂)ရက်၊ (6/14/18) ညနေ ၆း၀၄။